# မစန္ဒာ

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ မစန္ဒာ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၉၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

မစန္ဒာ

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ သူစောင့်တဲ့ဥပုသ် ၁

၂။ လူနှင့်တူသော သစ်ပင်များ ၁၇

၃။ အပိန်နှင့် အပဲ့တို့၏သမိုင်း ၃၈

၄။ ပန်းတစ်ပွင့်၏ဒိုင်ယာရီ ၅၃

၅။ အုန်းသီးထဲက အရည်ချိုချို ၈၁


❑

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


# သူစောင့်တဲ့ဥပုသ်

အမေပေးထားသော သူ့အမည်ရင်းက မလေးခင် ဖြစ်သည်။ မြို့တော်ဈေးထဲက အကြော်စုံဆိုင်လေးကို ဆိုင်းဘုတ်တင်မည်ဟု အမည်စဉ်းစားတော့ သူက နည်းနည်းလေး ထပ်ဖြည့်လိုက်သည်။ များများတော့မဟုတ်။ ရရစ်ကလေးတစ်ခုတည်းသာ ဖြစ်သည်။ 'မ' အက္ခရာဘေးတွင် ရရစ်ကလေးထည့်လိုက်တော့ 'မြလေးခင်'ဟူသော အမည်လေးက ချစ်စရာဟု အထင်ရောက်သည်။ သူ၏တူမလေးနှစ်ယောက်က "အငြိမ့်အဖွဲ့နာမည်နဲ့များ တူနေမလားမသိဘူး"ဟု စိုးရိမ်ကြသည်။ "အငြိမ့်လာငှားရင်တော့ ခေါင်းဆောင်မင်းသမီးက ဒေါ်လေးပဲနော်"ဟု ရယ်သွမ်းသွေးကြသည်။ သို့သော် မြလေးခင်ဟူသောအမည်နှင့် သရက်လက်ဖက်၊ အကြော်စုံက ဘယ်ကနေဘယ်လို ဓာတ်တည့်သွားသည်လည်းတော့ မသိ။ တစ်နေ့တခြား ဖောက်သည်တွေများကာ ရောင်းအားကောင်းလာသည်ကတော့ အမှန်ပင်။

နောက်ပြီး အမြတ်ထွက်လာသည်က သူ့အမည်ရင်း မလေးခင်

mgyoe.com

mgyoe.com


ပျောက်ကာ အားလုံးက မြလေးခင်ဟု ခေါ်လာကြခြင်းဖြစ်သည်။ နောက်ပြီး ထပ်၍ကောင်းပြန်တာက 'မြလေးခင်'ဟူသော အမည်၏ရှေ့တွင် အသက်အရွယ်ကို ကိုယ်စားပြုသော 'ဒေါ်''မ' ဆိုတာတွေ ဖြည့်မလာကြခြင်း ဖြစ်သည်။ ထို့ကြောင့် လူကြီး၊ လူငယ်၊ ကလေးအားလုံးက သူ့ကို 'မြလေးခင်'ဟု ခေါ်ကြသည်။ သူတို့ကိုယ်တိုင်လည်း ဆိုင်နာမည်လား လူနာမည်လား ကွဲပြားပုံမရ။ ဆိုင်နှင့်လူနှင့် တွဲ၍ မှတ်ထားကြပုံရလေသည်။

အခုတော့ တူမလေးနှစ်ယောက်လည်း အသီးသီးဘွဲ့ရကာ အသက်သုံးဆယ်နား နီးလာကြပြီဖြစ်သည်။ သူကရော... အင်း သူကလည်း လေးဆယ်မှ တော်တော်စွန်းကာ ငါးဆယ်ထဲ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သည်။ ဆံပင်ဖြူလာ၍ ဆေးဆိုးနေရပြီဖြစ်သည်။ မျက်စိတွေမှုန်လာ၍ မျက်မှန်လည်းတပ်နေရပြီဖြစ်သည်။

တူမ အပျိုနှစ်ယောက်၊ အဒေါ်အပျိုကြီးတစ်ယောက် သုံးယောက်ပေါင်းလုပ်အားနှင့် သူတို့၏လက်ဖက်ဆိုင်လေးကတော့ ရောင်းအားကောင်းနေဆဲပင်။

"အင်း... ငါ့မလဲ လက်ဖက်၊ လက်ဖက်နဲ့ လက်ဖက်တောထဲ နှစ်ပြီး လက်ဖက်ကိုပဲ ဘုရားထင်၊ လက်ဖက်ကိုပဲ တရားထင်နေတာ... ကြာလှပါပေါ့လား..."

သတင်းစာထဲမှ နာရေးကြော်ငြာချက်များဖတ်လိုက်လျှင် ကိုယ့်ထက်ငယ်သူတွေ တန်းစီနေတော့ မြလေးခင် အတန်ငယ် တုန်လှုပ်မိလေသည်။ သူကသာ သေမင်းကိုမေ့ထားသော်လည်း သေမင်းကတော့ သူ့ကိုမေ့ထားလိမ့်မည်မဟုတ်သည်ကို သတိရသည်။

"ဘုရား... ဘုရား"

* * *

mgyoe.com

mgyoe.com


"နက်ဖြန်ခါ ဥပုသ်နေ့"

သူကပြောတော့ တူမနှစ်ယောက်က "ဈေးပိတ်တယ်"ဟု ထပ်၍ ဖြည့်စွက်ကြသည်။ ဟုတ်သည်။ သူတို့၏ဈေးကြီးက ဥပုသ်နေ့တိုင်း ပိတ်သည်မှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့် သူစ၍ ဈေးထွက် ကတည်းကဖြစ်လေသည်။ ဟိုးအရင်တုန်းကတော့ ဥပုသ်နေ့ဈေးပိတ် လျှင် သုံးယောက်သား ရုပ်ရှင်ရုံဆီသို့ စိတ်တူကိုယ်တူ ပြေးလေ့ရှိကြ သည်။ နောက်တော့ ဗီဒီယိုခွေငှားကြည့်ကြသည်။ ဗီဒီယိုကျတော့ မကြိုက်သောအခန်းကို ကျော်ပိတ်လိုက်၊ ကြိုက်သောအခန်းကို ပြန်ရစ် လိုက်နှင့် စိတ်ကူးပေါက်တိုင်း ပေါက်သလိုလုပ်၍ရသောကြောင့် ပို၍ နှစ်သက်ရပြန်လေသည်။

"ချစ်စံအိမ် ငှားထားတယ်၊ ရှစ်ခွေစာတဲ့၊ တစ်နေကုန်ကြည့်ရ မယ်"

တူမအကြီးကပြောသည်။ အငယ်မကတော့ "ယောင်ဂျေးလေး ကို လွမ်းနေတာကြာပြီ"ဟု ပြောသည်။ ကိုရီးယားကားက ပြပြီးသွား ပြီဖြစ်သော်လည်း သူတို့ညီအစ်မက တစ်ဆက်တည်း အပြတ် အတောက်မရှိဘဲ ပြန်၍ကြည့်ချင်သေးသည်တဲ့။ သူတို့ညီအစ်မတင် မကပါ သူလည်းပါသည်။ ဂျီအင်းကိုလည်း ချစ်သည်။ ယောင်ဂျေး ကိုလည်း ကြိုက်သည်။ ဒါပေမဲ့ အကြိုက်ဆုံးတော့မဟုတ်ပါဘူး။ သူ့အသည်းစွဲက 'ရင်ဒါရိုက်တာ'တစ်ဦးတည်းသာ။

"ဒေါ်လေးက နက်ဖြန်ခါဥပုသ်စောင့်မှာ"

"ဟင်... တကယ်"

တူမနှစ်ယောက်က အံ့သြသွားကြသည်။ အင်းလေ... အံ့သြကြ ပေမှာပေါ့။ သူက ဘုရားမေ့၊ တရားမေ့ နေခဲ့တာကြာခဲ့ပြီဟာကိုး။

"ဟုတ်တယ်... နောက်ဆိုရင်လည်း ဥပုသ်နေ့တိုင်း ဥပုသ်စောင့်

mgyoe.com

မယ်”

ဥပုသ်စောင့်မယ်ဟု မိမိကိုယ်မိမိ ကတိပေးသလိုပြောရင်း ပထမဆုံး သတိတရတွေးသည်က “ဒီလိုဆို နက်ဖြန်ခါ ဘာဟင်းချက်စားရပါ့မလဲ”ဟူ၍ ဖြစ်သည်။ ထမင်းနှစ်နပ်ကို တစ်နပ်လျှော့ရမည်ဆိုတော့ စားရမည့်တစ်နပ်က အရသာရှိရှိလေးဖြစ်ဖို့ အရေးကြီးသည် မဟုတ်ပါလား။

“မနက်စောစောကတော့ ခါတိုင်းလိုပဲ မုန့်ဟင်းခါးလေးဝယ်စားချင်စား၊ ပဲထမင်းကြော်လေး စားချင်စား အရေးမကြီးပါဘူး။ ထမင်းကြီးကျရင် ကြက်သားကလည်းရိုးနေပြီ။ ဝက်သားကို ပုန်းရည်ကြီးနဲ့ချက်စားရရင် ကောင်းမလား။ ငါးပတ်မွှေရရင်ကောင်းမလား။ ငါးရံ့နှင့်ဘူးသီးနဲ့ချက်ပြီး မရမ်းသီးလေးသုတ်ရရင် ကောင်းမလား။ ဒါမှမဟုတ်လည်း ခရမ်းသီးချိုချိုလေး နှပ်၊ ချဉ်ပေါင်ဟင်းပျစ်ပျစ်လေး ချက်ပြီး ငါးရံ့ခြောက်ဖုတ်စားရရင်လည်း မြိန်မှာပဲ။ ဟင်း... တွေးရင်တောရင်း ထမင်းတောင်ဆာလာပြီ”

မြလေးခင်က တံထွေးကိုပင် မသိမသာမျိုချမိသည်။

“ကိုသံပရာ ကလိုင်ထိုးခါနီးရင်တော့ သားဈေးငါးဈေးလေး တစ်ပတ်ပြေးလိုက်ဦးမယ်”

ကိုသံပရာဟူသည်မှာ မျက်နှာပေါက်ဆိုးလှသော ဈေးစောင့်ကြီး ဖြစ်သည်။ သူ့ခမျာ မျက်နှာပေါက်ဆိုးရုံသာမက အပြောလည်း တစ်စက်ကလေးမှမချိုတော့ သံပရာဟူသောဘွဲ့ထူးကို ဈေးသူဈေးသား အားလုံးက တညီတညွတ်တည်း ချီးမြှင့်ထားကြလေသည်။ ဈေးက ခြောက်နာရီပိတ်ရမည်မို့ ငါးနာရီခွဲလျှင် ကိုသံပရာက ကလိုင်ထိုးရင်း ဈေးပတ်ပြီဖြစ်လေ သည်။

ကိုသံပရာ ကလိုင်ထိုးလျှင် မြလေးခင်တို့ကို ကုန်ခြောက်ဆိုင်

mgyoe.com

တွေက ဣန္ဒြေရရ ပစ္စည်းသိမ်းကြရသော်လည်း သားတန်းငါးတန်းက အမေပုတို့၊ ဒေါ်ဒေါ်အေးတို့၊ တရုတ်မတို့ကတော့ ပျာယာခတ်ကုန်ကြသည်။ နောက်တစ်နေ့အတွက်သိမ်းရလျှင် ရေခဲဖိုးကကုန်ရဦးမည်မို့ ဈေးခုံပေါ်တွင် ကျန်နေသမျှ အသားငါးများကို လျှော့ပေါ့ပေးပြီး တွန်းတွန်းထိုးထိုးလေး ရောင်းကြရရှာသည်။ မြလေးခင်တို့ကလည်း ထိုအချိန်ကို စောင့်နေကြဖြစ်လေသည်။

"ဟော... မြလေးခင်လာပြီ။ ကြက်နှစ်ခြမ်းလုံးယူတော့မယ် မဟုတ်လား"

ကြက်သားသည်က ဆီး၍နှုတ်ဆက်သည်။ အခါတိုင်းကတော့ ကြက်သားကို ခုတ်ထစ်ပြီးယူသွားရုံပင်။ အိမ်ကျတော့ ရေနိုင်နိုင်ဆေးပြီး ပြုတ်ကြော်လုပ်ထားလိုက်ရုံပင်။ လွယ်တော့လည်း ကြက်သားပြုတ်ကြော်ချည်း စားနေရသည်မှာ ငြီးငွေ့စရာပင်ကောင်းနေပြီဖြစ်လေသည်။

"ဝက်သား ငါးဆယ်သားလောက်ပဲ ကျန်တော့တယ်။ လျှော့ပေးမယ်"

"ပုစွန်လေးနည်းနည်းကျန်တာ၊ အကုန်ယူသွား တစ်ထောင့်နှစ်ရာပဲပေး"

"ငါးတန်ဗိုက်သားနော်၊ ဝယ်သူရှိရင်ရောင်းမယ်၊ ဝယ်သူမရှိရင် အိမ်က ကလေးတွေကို အချဉ်ဆီပြန်ချက်ကျွေးမယ်"

ကြက်တွေ၊ ဝက်တွေ၊ ပုစွန်တွေကိုကျော်ပြီး မြလေးခင် အာရုံကျသွားသည်က ငါးရှူဖြစ်သည်။ ငါးရှူက စားရခဲသည်။ အညှီ။ အညှီကို စင်အောင် မန်ကျည်းသီးနှင့် နာနာတိုက်ဆေးရသည့်အတွက် လက်ဝင်လှသည်မို့ မဝယ်ဖြစ် မစားဖြစ်သည်မှာကြာလှပေပြီ။

"ရွှေလက်ကောက်ကြီးတွေ တစ်တောင်လောက်ဝတ်လို့ များများ

mgyoe.com

ယူမယ်ထင်ပြီး ရိုက်လိုက်တာ များသွားတယ်အစ်မရယ်၊ ယူသွားတော့ လေးကောင်ထဲ၊ ဟောဒီလေးကောင်က ကျန်ခဲ့ရော..."

မြလေးခင်က ဦးခေါင်းတွေ မကြွေတကြွေနှင့် ခပ်လှုပ်လှုပ် အကြောဆွဲနေသော ငါးရှူများကို ငုံ့ကြည့်ရင်း "အမူမှာ ငါးရှူက ရှုံးရဲ့" ဟူသော စကားကိုသတိရသည်။ ငါးရှူတို့သည် ဘယ်အချိန်မှာ ဘယ်လိုများ မူကြပါလိမ့်ဟု ဖျတ်ခနဲစဉ်းစားမိရင်း "ဟင်... နင့်ဟာကလည်း အရှင်ကြီးတွေ"ဟု ပြောကာ မျက်နှာကို မသိမသာလွှဲထားလိုက်သည်။ ဟိုဘက်ဆိုင်က မလတ်တလတ် ပုစွန်ဘောချိတ်လေးများကို လှမ်းကြည့်ပြီး ခြေလှမ်းပြင်သည်။ ထိုအချိန်တွင် ငါးသည်က သူ့လက်ထဲက ဓားမကိုမြှောက်ကာ ဓားနှောင့်နှင့် တဂွတ်ဂွတ်ထုချလိုက်သည်မှာ စက္ကန့်ပိုင်းမျှသာ။ ထို့နောက် "မရှင်ပါဘူး အစ်မကလည်း၊ ဟောဒီမှာ" ဟု တစ်ဆက်တည်းပြောသည်။ စင်းစင်းသေသွားပြီဖြစ်သော ငါးများကို ဗိုးဗိုးဇတ်ဇတ်ကောက်ယူကာ ချိန်ခွင်ထဲ ပစ်ထည့်လိုက်သည်။ "ငါးဆယ့်ငါးကျပ်သား၊ ငါးကျပ်သားဖြုတ်၊ ငါးဆယ်သားဖိုးပဲပေး။ နှစ်ထောင့်ခြောက်ရာဈေးနဲ့ ငါးဆယ်သာ တစ်ထောင့်သုံးရာ၊ တစ်ရာ လျှော့။ တစ်ထောင့်နှစ်ရာပဲပေး"ဟု ခပ်သွက်သွက် ခပ်ကျယ်ကျယ် ပြောသည်။ မြလေးခင်က "ဟဲ့... နေပါဦး၊ ဘယ်သူကယူမယ်ပြောလို့လဲ၊ တကတဲ၊ ဒီလောက်ဈေးကြီးနဲ့များ" ဟုပြောကာ လှည့်ထွက်မည့်ဟန်ပြင်တော့ နောက်ထပ် နှစ်ရာထပ်ပြီးပြုတ်ကျသွားသည်။ "အင်း... အမူမှာ ငါးရှူက ရှုံးလောက်ရဲ့ဆိုတာ ငါးကိုပြောတာမဟုတ်ဘူး။ ဝယ်တဲ့သူ ပြောတာထင်ပါရဲ့"ဟု စဉ်းစားရင်း မြလေးခင်ပြုံးမိသည်။ အလေးလည်း လျှော့ဈေးလည်းလျှော့ဆိုတော့ ဝယ်သူဘက်မှတန်တာက အတော်ပင် တန်နေပြီဖြစ်သည်။

"အင်း... ငါးရှူကြော်နှပ်လေးစားရရင် ကောင်းမလား။ စင်းကော

mgyoe.com

လေး လုပ်ရရင်ကောင်းမလား။ ဆီပြန်ချက်ပြီး ရဲယိုရွက်လေးအုပ်ရရင် ကောင်းမလား။ ငါးခူငါးဆုပ် မန်ကျည်းရည်လေးနဲ့ချက်ရမလား"

မြလေးခင်က စိတ်ကူးထဲတွင် ငါးခူလေးကောင်ကို ကြော်ကြည့်လိုက်၊ အသားလွှာကြည့်လိုက်၊ တောက်တောက်စဉ်းပစ်လိုက်၊ ငါးဆုပ်လုံးကြည့်လိုက်နှင့် ရှုပ်ခတ်သွားသည်။ ဟင်းရွက်တန်းထဲတွင် ပုတတ်စာနှင့် ကင်ပွန်းချဉ်ရွက်တို့ကို တွေ့တော့မှ စင်းကောလုပ်ရန် အတည်ပြုလိုက်သည်။ အသားကို စဉ်းကောလုပ်ပြီး ရဲယိုရွက်လေးအုပ်မည်။ အရိုးနှင့်ခေါင်းကိုတော့ ချဉ်ရည်ချက်မည်။ ကင်ပွန်းချဉ်ရွက်နှင့် ပုတတ်စာကို ရောပြီးချက်လျှင် အရသာက ထူးကဲလှသည်။ ငါး၏အချို၊ ကင်ပွန်းချဉ်၏အချဉ်နှင့် ပုတတ်စာနံ့မွှေးမွှေးသည် အချိုးညီညီနှင့် သမမျှတနေသည်ဟု သူထင်သည်။ မြေကြီးပေါ်တွင် ဗန်းကလေးများ ချကာရောင်းနေသော ကောင်မလေးဆီက ဖရဲသီး နုနုလေးသုံးလုံးနှင့် ခရမ်းကြွပ်သီးငါးလုံးဝယ်သည်။ အသီးမအောင်သော ဖရဲသီးပေါက်စလေးများကို ပြုတ်ပြီး တို့စရာလုပ်စားရသည်မှာ ဗူးသီးပုတ်ကလေးများထက်ပင် ချိုနေသေး၍ သူတို့တူဝရီးသုံးယောက်လုံး အကြိုက်တွေ့နေကြသည်။

"အင်း... အရေးကြီးတာတစ်ခု ကျန်နေသေးတယ်၊ ရဲယိုရွက်... အင်း ရဲယိုရွက်မပါရင် မပြည့်စုံဘူး"

ရဲယိုရွက်က ရှားပါးပစ္စည်းဖြစ်သည်။ ဈေးထဲတွင်ရောင်းသည်ကို တစ်ခါတစ်လေ တွေ့ရသော်လည်း အမြဲတမ်းတော့ တွေ့ရသည် မဟုတ်ချေ။ မနုမရင့်၊ အရွက်ပြန့်ပြန့်ကားကားကြီးတွေကိုသာ ရလျှင်တော့ သူ၏ငါးခူဟင်းအတွက် ပြီးပြည့်စုံပြီဖြစ်လေသည်။

ညနေအိမ်ပြန်တော့ မြလေခင်းသည် ခါတိုင်းလို အိမ်အထိ ဆိုက်ကားမစီးဘဲ လမ်းခုလတ်တွင် ဆင်းသည်။ အံ့သြသလိုကြည့်နေသော

mgyoe.com

တူမအငယ်၏လက်ထဲသို့ ဈေးဝယ်လာသော ကြွပ်ကြွပ်အိတ်ကိုထည့် ကာ "အိမ်ကျရင် ငါးကိုင်ထားနှင့်နော်၊ ဒေါ်လေး ဒီနားခဏဝင်စရာရှိ လို့"ဟု ပြောသည်။

လမ်းထိပ်ဂုတ်ခြံက ဦးလှမောင်ဝင်း၏ ခြံဖြစ်သည်။ သူတမင် စိုက်ထားသည်တော့ ဟုတ်ပုံမရ။ ရဲယိုပင်၊ ခွေးတောက်ပင်၊ ဆူးပုတ်ပင် စသည်တို့ အလေ့ကျပေါက်နေသည်။ သူက ချက်စိလည်းမှုန်၊ နား လည်းလေးပြီး အပြောကလည်း တော်တော်ဆိုးသည်။ သူ့ဆီ ခွေး တောက်ရွက်ကလေး တစ်ခါတောင်းဖူးသည်။ ငါးရွက်ခန့်ခူးပေးပြီး "ကိုယ်တိုင်စိုက်ထားရင်တော့ တောင်းစရာဘယ်လိုပ့်မလဲဗျာ"ဟု ပြော သည်။ မြလေးခင်က စိတ်ထဲမှနေပြီး "ကိုယ်တိုင်လည်း မစိုက်ဘူး၊ တောင်းလည်းမတောင်းတော့ပါဘူးတော်" ဟု ခပ်စွာစွာပြန်ပြောခဲ့ သည်။

"မတောင်းဘူးဆိုတာ မယူဘူးလို့ ပြောတာမှ မဟုတ်ဘဲ၊ တစ် ယောက်တည်း နိုင်အောင်စားနိုင်တာလည်းမဟုတ်၊ ဒီအရွက်တွေကို ဈေးတင်ရောင်းနေတာလည်းမဟုတ်။ အလကား တိုတိုထွာထွာလုပ်နေ တာ၊ ခြံအပြင်ကနေ လှမ်းဆွဲပြီးခူးတော့လည်း သိတာတောင်မှမဟုတ်"

မြလေးခင်က ခြံအပြင်ဘက်ယိုင်နေသော ရဲယိုရွက်၊ ခွေးတောက် ရွက်များကို လှမ်းဆွဲပြီးခူးနေသည်မှာ သုံးလေးခါရှိပြီဖြစ်သည်။ ယခု လည်း ရဲယိုရွက် နုနုပြန့်ပြန့်ကြီးတွေ တွေ့ထားသည်။ လှမ်းဆွဲလိုက် လျှင်မှီသည်။

သူလည်း ခြံနားအရောက် အဘိုးကြီးလည်း အိမ်ထဲပြန်အဝင်မို့ တော်တော်လေး အဆင်သင့်သွားသည်။ ခြံဘေးနား မယောင်မလည် ကပ်သွားပြီး အားရှိပါးရှိလှမ်းဆွဲလိုက်သည်မှာ ရဲယိုရွက်သာမက အကိုင်းပါ ကျိုးကျလာသည်။ ကိုင်းကျိုးသောအသံက အတော်ကျယ်

mgyoe.com

mgyoe.com

လေသည်။ ဦးလှမောင်ဝင်းက နားလေးလို့သာ တော်တော့သည်။

"အဲတော့... အသီးကင်းတွေပါ ကိုင်းထဲပါလာတာကိုး၊ ဘယ်တတ်နိုင်မှာလဲဟယ်၊ ငါက ကျိုးစေချင်တဲ့ စေတနာနဲ့ ခိုင်းတာမှမဟုတ် အဲ... အဲ... ချိုးတာမှမဟုတ်တာ"

မြလေးခင်က သူ့ကိုသူ ချက်ချင်းခွင့်လွှတ်လိုက်သည်။

ဟုတ်တယ်လေ။ ကိုယ့်ကိုယ်ကိုယ်မှ ခွင့်မလွှတ်ရင် ဘယ်သူက တကူးတကန့်လာပြီး ခွင့်လွှတ်ပါ့မလဲ။ လိုချင်သောအရွယ်နများကို ခပ်သွယ်သွယ် ခြွေယူလိုက်ပြီး အကိုင်းကြီးကို မြောင်းထဲပစ်ချပြီးလျှင် ဒီအကြောင်းကို ထပ်မံသတိရစရာမှ မလိုတော့တာပဲ။

"ဟောတော့၊ ရဲယိုရွက်တွေ သန့်မှသန့်၊ ကောင်းမှကောင်း၊ ငါးခူလေးနဲ့တော် အဆင်ကိုပြေလို့၊ ဒေါ်လေး ဘယ်ကရလာတာလဲ"

"လမ်းထိပ်မှာ အဆင်သင့်တွေ့လို့လေ၊ ငါးခူဝယ်ထားတာလည်း သတိရတာနဲ့"

မြလေးခင်က ခပ်အေးအေးပြောသည်။ လမ်းထိပ်မှာ အဆင်သင့်တွေ့သည်ကလည်းအမှန်။ ငါးခူလေးတွေကို သတိရသည်ကလည်း အမှန်မို့ သူ့စကားထဲတွင် အမှားတစ်ခွန်းမှမပါကြောင်းတွေးပြီး ကျေနပ်ရှုပင်နေမိသည်။

"နက်ဖြန်ခါကျရင်တော့ မနက်စောစောစီးစီး ရေမိုးချိုး သနပ်ခါးလိမ်းပြီးမှ သီလယူရမယ်၊ မျက်နှာပြောင်ပြောင်ကြီးနဲ့ကလည်း မနေတတ်၊ သီလယူပြီးမှ လိမ်းနေပြန်ရင်လည်းမကောင်း"

သူကတော့ သနပ်ခါးလိမ်းရုံသာမက မျက်ခုံးမွေးလည်း ဆွဲဖို့လိုသည်။ သူ့မျက်ခုံးက ပါးလည်းပါး၊ ကျဲလည်းကျဲဆိုတော့ ဆေးလေးမှ တင်မထားလျှင် ကူမထားလျှင် မျက်ခုံးမွေးမပါသော မျက်နှာက ပြောင်ဖြိုဖြိုဖြစ်နေတတ်သည်ဟု ထင်သည်။ သြော်... မျက်ခုံးမွေး

mgyoe.com

mgyoe.com


သာမက နှုတ်ခမ်းနီလေးလည်း လိုသည်။ ကလေးတွေလို အနီရင့်ရင့် အရောင်ရဲရဲမျိုးတွေ မသုံးသော်လည်း ပန်းရောင်ပြေပြေလေးလောက်တော့ ဆိုးထားနေကျဖြစ်သည်။ သူ့နှုတ်ခမ်းရောင်က ခပ်ဖြူဖြူ ခပ်ဖျော့ဖျော့နှင့် သွေးအားနည်းသလို ဖြစ်နေတတ်တော့ အိမ်နေနေ၊ အပြင်အသွားသွား ဒီနှုတ်ခမ်းကို အရောင်တင်မထားလျှင် လူမမာနှင့်တူနေတတ်သည်ဟု ထင်မိလေသည်။

ထို့ကြောင့် နောက်တစ်နေ့ကျတော့ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းကာ မျက်ခုံးမွေးပါးပါးဆွဲ၊ နှုတ်ခမ်းနီပြေပြေဆိုးထားသော မြလေးခင်သည် ယောဂီတဘက်ကလေးကို ပခုံးပေါ်တင်ရင်း ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ကာ သီလယူလေသည်။ သူတို့ တူဝရီးသုံးယောက်လုံးက ဈေးသမားတွေဆိုတော့ အိမ်ပြကြသူများမဟုတ်။ အိမ်မှာ ဆွမ်းခံကိုယ်တော်လည်းမရှိ။ ဒီတော့လည်း ဘုရားကျောင်းဆောင်ရှေ့တွင် ကျုံ့ကျုံ့ထိုင်ကာ ဘုရားရှင်ကိုယ်တော်တိုင်၏ရှေ့မှောက်တွင် သီလယူနေသည်ဟု နှလုံးသွင်းထားရသည်မှာ ပို၍ပင် ကျေနပ်စရာကောင်းသေးသည်။ သို့ပါသော်လည်း ရှစ်ပါးသီလကို အလွတ်မရ၍ စာအုပ်ကြည့်ရွတ်ရသည်ကိုတော့ "သည်းခံခွင့်လွှတ်တော်မူပါ အရှင်မြတ်ဘုရား"ဟု စိတ်ထဲမှ တောင်းပန်ရသည်။

တကယ့်တကယ်ကတော့ သူ့ကို ဒုက္ခပေးသည်မှာ ခုနစ်ပါးမြောက် သီလဖြစ်သည်။

"နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"... ဟူသော အပိုဒ်ဖြစ်သည်။ ထိုသီလကို အစီအစဉ်တကျ မရွတ်တတ်ရုံမျှမက မည်သည့်ပါဠိစကားသည် မည်သည့်အဓိပ္ပာယ်ကို ရည်ညွှန်းကြောင်း ကောင်းစွာမသိ။ အကြမ်းအားဖြင့်တော့ သနပ်ခါးမလိမ်း၊

mgyoe.com

mgyoe.com


ပန်းမပန်၊ သီချင်းမဆို၊ ရုပ်ရှင်မကြည့်ရဟု သဘောပေါက်ထားသည်။

ရှစ်ပါးသီလယူပြီးတော့ မြလေးခင်သည် သူ့ကိုယ်သူ သီလစောင် လုံလုံခြုံထားသလို လုံခြုံသွားသည်ဟု ခံစားရသည်။

သီလယူပြီးတော့ မီးဖိုချောင်ဝင်သည်။ ရေခဲသေတ္တာထဲတွင် ဆားနနွင်းနယ်ပြီးနှပ်ထားသော ငါးကိုထုတ်ယူကာ သူကိုယ်တိုင်ချက်သည်။ သူ့တူမနှစ်ယောက်က ကြက်သားပြုတ်ကြော်မှလွဲ၍ သိပ်ပြီး စိတ်ချရသည် မဟုတ်။

တူမနှစ်ယောက်ကတော့ ကင်ပွန်းချဉ်ရွက်ချွေရင်း ရုပ်ရှင်မင်းသားမင်းသမီးတွေအကြောင်း စုံအောင်ပြောကြသည်။ မြန်မာပြည်က မင်းသားမင်းသမီးတွေလည်း မကျန်။ အခုလက်ရှိ သူတို့အသည်းစွဲနေသည်က ချစ်စံအိမ်ထဲက မင်းသားလေး'ယောင်ဂျေး'ဖြစ်သည်။ သူ့အမည်ရင်းက 'ရိန်း'ဆိုလား။

"ဟဲ့... သူက သီချင်းဆိုလည်း အရမ်းကောင်းတယ်တဲ့။ ငါ အခွေ ငှားထားသေးတယ်"

"အရပ်ကလည်း အမြင့်ကြီးပဲနော်"

"ဘော်ဒီကလည်း တောင့်တယ်ဟ"

အင်း 'ရိန်း'ဘယ်လောက်ကောင်းကောင်း၊ မြလေးခင်ကတော့ 'ရင်ဒါရိုက်တာပဲ'ဟုတွေးရင်း မသိမသာပြုံးမိသည်။ ချစ်ရသူကို အလိုလိုက်အကြိုက်သိပြီး ကြင်နာနိုင်လွန်းသော ရင်ဒါရိုက်တာကို သူအခုထိမမေ့။

"ရင်ဒါရိုက်တာကတော့ အကောင်းဆုံးပါပဲဟယ်"

"ယောင်ဂျေးလည်း ကောင်းပါတယ်"

"အေး... ကောင်းပါတယ်၊ ဒါပေမဲ့ ရင်ကပိုင်ကောင်းတာကို ပြောတာပါ"

mgyoe.com

mgyoe.com


"ဒါကတော့ ဒေါ်လေးရယ်၊ 'ရင်'က အသက်ပိုကြီးတာကိုး၊ ယောင်ဂျေးလေး မနူးမနပ်ကလေး"

ထိုနေ့က ထမင်းမြိန်လှသည်။ ငါးအချိုရည်ဝင်ကာ နူးညံ့ပျော့အိနေသော ရဲယိုရွက်က မခါးဘဲ အချိုဘက်လုနေသည်။ ချဉ်ပြေပြေလေးနှင့် မွှေးနေသော ကင်ပွန်းရွက်ချဉ်ရည်ဟင်းလေးက သောက်၍ပင်မဝ။ ဖရဲသီးနုလေးတွေကလည်းချို၊ ခရမ်းကြွပ်သီးကလည်း ကြွပ်ဆိုတော့ ခါတိုင်းထက် နှစ်ဆလောက် ပိုပြီးစားဝင်နေသည်။

"ဒေါ်လေးက ဥပုသ်သည်ဆိုတော့ ပေါင်မုန့်မီးကင် ထောပတ်သုတ်လေးတော့ စားဦးမှပေါ့၊ ကော်ဖီလေးလည်း သောက်ဦးမှဖြစ်မှာပေါ့"

ဗိုက်အင့်နေပြီဖြစ်သော်လည်း တူမတွေက ပေါင်မုန့်ကင်နေကြပြန်သည်မို့ စားရပြန်သည်။ "တော်ကြာ ညနေကျမှ ဆာနေရင်ခက်မယ်"ဟူသော စိုးရိမ်စိတ်နှင့် ကော်ဖီနှင့်ပေါင်မုန့်တို့ကိုသာမက သီးမွှေးငှက်ပျော်သီးတစ်လုံးကိုပါ အတင်းဖိနှိပ်ပြီး ဗိုက်ထဲသို့ သိပ်ထည့်လိုက်သည်။ ဆယ့်နှစ်နာရီဒေါင်ဒေါင်ထိုးတော့ ဝမ်းဗိုက်တစ်ခုလုံး ပြည့်တင်းဖောင်းကားပြီး မျက်တောင်တွေ စင်းနေပြီဖြစ်လေသည်။

ဒီတော့...

အင်း... ဒီတော့လည်း ဘာလုပ်စရာရှိလို့လဲ။ ဆယ့်နှစ်နာရီလည်း ထိုးသွားပြီပဲဟာ။ အိပ်ရုံပဲရှိတော့တာပေါ့။

ဖျာချောလေးခင်း ခေါင်းအုံးလေးချပြီး အသာလှဲချလိုက်ရသည်မှာ အရသာရှိလှသည်။ လေကြောင်းကျနေသဖြင့် လေကလေးကလည်း တဖြူးဖြူးနှင့်မို့ စင်းနေသောမျက်တောင်သည် ချက်ချင်းလိုလိုပင် မှိတ်ကျသွားသည်။

အိပ်၍ကောင်းလိုက်သည်မှာ နှစ်နှစ်ခြိုက်ခြိုက်ပင်။ ညဘက်အိပ်

mgyoe.com

ရသလို အိပ်မက်တွေပင် မက်နေသေးသည်။ အိပ်မက်ထဲတွင် 'ဆည်း ဆာရင်ခုန်သံ'ကိုရိုးယားကားကို ပြန်ကြည့်နေရသည်။ တစ်ခုပဲ ပြောင်း သွားသည်။ ဆန်းမိနေရာတွင်တော့ မြလေးခင်ဖြစ်နေသည်။ ရင်ဒါရိုက် တာနေရာကတော့ ဩော်… ရင်ဒါရိုက်တာနေရာကတော့ ဘယ်ပြောင်း ပါ့မလဲ၊ ရင်ဒါရိုက်တာပဲပေါ့ကွယ်။

နည်းနည်းနိုးလာလိုက်၊ မျက်တောင်ပြန်စင်းလိုက်၊ အိပ်မက် ဆက်မက်လိုက်၊ ပြန်နိုးလာလိုက်၊ ပြန်အိပ်လိုက်နှင့် မြလေးခင် အသေ အချာနိုးလာတော့ ညနေသုံးနာရီကျော်ပြီဖြစ်သည်။ တင်းကားနေသော ဗိုက်က အတန်ငယ်လျော့သွားသော်လည်း ဆာတော့ မဆာသေးချေ။

"ဥပုသ်သည်ဆိုတော့ တရားစာအုပ်လေး ဖတ်ရမှာပေါ့လေ"

မြလေးခင်က ဆရာတော်ဦးဇောတိက၏ 'အရှုပ်ထဲမှာ ရှင်း အောင်နေ'ဟူသောစာအုပ်ကို ဖတ်သည်။ ထို့နောက် မဟာစည် ဆရာ တော်ဘုရားကြီး၏ 'အရိယာဝါသတရားတော်'ကို ဖတ်သည်။ စာထဲ တွင် စိတ်နှစ်ထားရန်ကြိုးစားသော်လည်း တီဗွီဖန်သားပြင်ထက်တွင် ဂျီအင်းက 'ဝက်ဝံလေးကောင်' သီချင်းဆိုနေသည်။ သူ့အရွယ် သူ့ အရပ် သူ့ရုပ် သူ့ရည်လေးနှင့် သီဆိုနေပုံမှာ ချစ်စရာကောင်းသည်မို့ တရားစကားတွေထဲမှ ရုန်းထွက်ကာ ဂျီအင်းတို့ ယောင်ဂျေးတို့နောက် သို့ စီးမျောပြီး ရောပါသွားလေသည်။

ဘယ်အထိများပါသွားသလဲဟု မေးလာလျှင်တော့ ရုပ်ရှင်ပြီးတဲ့ အထိ ပါသွားတာပါရှင်ဟု မရှက်တရှက် မပြုံးတပြုံးနှင့် ဖြေဖြစ်လိမ့် မည်ဟု ထင်သည်။ "တမင်တကာ ရုံမှာသွားကြည့်တာမှမဟုတ်တာ၊ ကိုယ့်အိမ်ကိုယ်နေရင်း မျက်စိရှေ့ရောက်နေလို့ အလိုလိုမြင်ရတာပဲ ဟာ" ဟုလည်း မိမိကိုယ်မိမိ ဆင်ခြေကန်နေမိသည်။

"ကြည့်ပြီးမှတော့ မထူးပါဘူးဟယ်"

mgyoe.com

mgyoe.com


ညနေခုနစ်နာရီထိုးတော့ မြန်မာ့အသံကရော မြဝတီကပါ ကိုရီးယားကားတွေ ပြလာပြန်သည်။ တူမနှစ်ယောက်က ကြည့်တော့ သူက လည်း မကြည့့်ဘဲမြင်နေရပြန်သည်။

ရှစ်နာရီထိုးသတင်းလာတော့ ရေခဲသေတ္တာထဲထည့်ပြီး အအေးခံထားသော ထန်းလျက်နှင့်မန်ကျည်းဖျော်ရည်ကို သောက်သည်။ ထို့နောက် 'အရိယာဝါသ'စာအုပ်ဆက်ဖတ်သည်။ သို့သော် တူမအကြီးက တူမအငယ်ကို မြို့ထဲလမ်းမတော်မှ လူသတ်မှုအကြောင်း ပြောပြနေသည်။ ဒီတော့လည်း စိတ်ဝင်စားစရာမို့ အရိယာဝါသကို ဘေးချထားရပြန်သည်။

"မသိရင် ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးနဲ့"

"သိတော့ရောယုံရလို့လား"

"ဟုတ်တယ်လေ... ဟို... ယုဇနပလာဇာနားက ဆိုင်ထွက်တဲ့သူဆိုရင် သူ့အသိတွေက သတ်တာ"

"အဲဒါ အကုသိုလ်ကို မကြောက်တာပေါ့"

သူတစ်ခွန်း ငါတစ်ခွန်းပြောရင်း ရင်ထဲဟာလာပြန်သောကြောင့် မန်ကျည်းဖျော်ရည်ကို ထပ်ပြီးသောက်ရပြန်သည်။

ကိုးနာရီခွဲလောက်ရှိတော့ တူမတွေက တီဗွီဖွင့်ကြပြန်သည်။ တရုတ်ကားကြည့်ရဦးမည်တဲ့။

"တော်ပါပြီကွယ် ဒေါ်လေးတော့ ဘုရားရှိခိုးတော့မယ်"

သူက ယောဂီတဘက်ကလေး ပခုံးတင်ကာ ကျုံ့ကျုံ့လေးထိုင်ပြီး ဘုရားရှိခိုးသည်။ စိတ်တွေက ဟိုရောက်လိုက်ဒီရောက်လိုက်နှင့် ပျံ့လွင့်နေတော့ သမ္ဗုဒ္ဓေကိုပင် အမြီးအမောက်မတည့်ချင်။ နှစ်ခါပြန်ပြီးဆိုရလေသည်။

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီနေ့တစ်ရက်တော့ ငါဥပုသ်ရသွားပြီ"

mgyoe.com

mgyoe.com


မြလေးခင်က ကျေနပ်ပီတိစိတ်နှင့် သူ၏ကုသိုလ်ကောင်းမှု အစုစုတို့ကို ၃၁ ဘုံသားတို့အား အမျှဝေသည်။ "ယနေ့ဆောက်တည် ခဲ့ရသော ဥပုသ်သီလကုသိုလ်"ဟုလည်း ရည်စူးကာ သီးခြားအမျှပေး ဝေသည်။

"အမျှ–အမျှ–အမျှ ယူတော်မူကြပါ"

သူက လေးနက်သောအသံနှင့် အမျှဝေသည်။ သူ၏တူမနှစ် ယောက်က ရုပ်ရှင်ကြည့်ရင်း ရယ်နေကြသည်။ ကြားပုံမရ။

"သူတော်ကောင်း သူမြတ်လောင်းတွေကတော့ သာဓုခေါ်မှာ အမှန်ပါပဲ"

သာဓုခေါ်သံများကြားလိုက်ရလေမလားဟု မြလေးခင်မသိ မသာ နားစွင့်ထားမိသည်။ ဘာသံမျှမကြားရ၊ ခဏနေတော့ ဘုရား ကျောင်းဆောင်ထောင့်ကြားထဲတွင် ကပ်နေသော အိမ်မြှောင်လေးတစ် ကောင်က 'ကျွတ်... ကျွတ်... ကျွတ်'ဟု စုတ်သပ်... အဲ စုတ်ထိုးလိုက် လေသည်။

ဝါးခယ်မ အထက–၁ ရာပြည့်မဂ္ဂဇင်း။

❑

mgyoe.com

mgyoe.com

# လူနှင့်တူသော သစ်ပင်များ

လေတိုက်သောအသံက အရှိန်ပြင်းပြင်း ရထားကြီး သုံးလေးစင်း ပြိုင်ပြီး ခုတ်မောင်းနေသလို တဝေါဝေါနှင့် ဆူညံနေသည်။ တစ်လောကလုံး မှောင်မှောင်မည်းနေသော်လည်း သွက်သွက်ခါအောင် ယိမ်းထိုးနေသော သစ်ပင်ကြီးများကိုကား ရေးရေးရိပ်ရိပ် တွေ့နေရလေသည်။ သစ်ကိုင်းတွေက ဖြောင်းခနဲ ဖြောင်းခနဲ ကျိုးနေပြီး မှန်ပြတင်းကွဲသံများကိုလည်း တချွင်ချွင် တချွမ်ချွမ် ကြားနေရသည်။

"လေးလေးမောင် ... အဲဒါ ဘာဖြစ်နေတာလဲဟင်"

သူ့ပေါင်ပေါ်တွင် ထိုင်နေသော လေးနှစ်ရွယ် တူမလေးက မေးသည်။ ကျားကလေး ဘာမှမဖြေရသေးမီ သူ့ဘေးနားကပ်ပြီး ကုပ်ကုပ်ကွေးကွေးလေး ထိုင်နေသော ခြောက်နှစ်ရွယ် အကြီးကောင်လေးက "ဘာဖြစ်ရမှာလဲ မုန်တိုင်းတိုက်နေတာပေါ့ဟ"ဟု ခပ်ဆတ်ဆတ်လေး ဝင်အော်လေသည်။

သူ၏ အသက်နှစ်ဆယ်ကျော်နေပြီဖြစ်သော်လည်း ဒီလောက်

mgyoe.com

mgyoe.com


ပြင်းထန်သောလေကို ကျားကလေး တစ်ခါမျှ မကြုံဖူးသေးပေ။ အသက်နှစ်ဆယ်ကျော်က ထားပါဦး၊ ငါးဆယ်မှ တစ်နှစ်ပင် စွန်းနေပြီဖြစ်သော အမေကပင် “ဒီလောက် ကြမ်းတမ်းတဲ့လေကို တစ်သက်လုံး တစ်ခါ မကြုံဖူးပါဘူးကွယ်”ဟု ဆယ်မိနစ်တစ်ခါလောက် ပြောနေလေသည်။

“သွပ်မိုးတွေတော့ တကျိကျိ မြည်နေပြီ၊ သံမှိုတွေနဲ့ပြီး ကျွတ်ထွက်ကုန်ရင်တော့ အကုန်လန်ကုန်တော့မှာပဲ”

အစ်မ၏ အသံက ငိုသံပါနေသည်။ သူ့မှာသာ အစွမ်းရှိလျှင် ခေါင်မိုးပေါ်တက်ပြီး သွပ်ပြားတွေကို အင်နှင့် အားနှင့် အတင်းဖိထားလေမလား မသိရချေ။

“နဂိုကမှ ရေမလုံရတဲ့အထဲ လန်ထွက်ကုန်ရင်တော့ ဒုက္ခပါပဲ ဟယ်၊ အိပ်စရာနေရာတောင် ရှိမှာ မဟုတ်တော့ဘူး”

“လန်ချင်လည်း လန် လွင့်ချင်လည်း လွင့်ပေါ့ အစ်မရာ... ဘယ်တတ်နိုင်မလဲ၊ ကိုယ်တစ်ယောက်တည်း ဖြစ်တာမှ မဟုတ်တာ၊ အများနဲ့ဖြစ်တာ”

“အများက ချမ်းသာတယ်ဟဲ့ ... ငါတို့မှာသာ”

အစ်မ၏ အသံက တိမ်ဝင်သွားသည်။ အမေ့ဆီကတော့ သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။ ထို့နောက် “စိတ်ပူစရာတွေ တွေးမနေနဲ့ သမ္ဗုဒ္ဓေရွတ်နေကြပါလားဟယ်”ဟု ပြောသည်။ သူတို့မောင်နှမက ငြိမ်နေသော်လည်း ကလေးနှစ်ယောက်ကတော့ သမ္ဗုဒ္ဓေဂါထာကို သံပြိုင်ရွတ်နေကြသည်။

“ဘာဖြစ်လဲ ငါတို့လည်း ချမ်းသာတာပဲ။ ဟောဒီ အိမ်ကလေးကို ပိုင်ထားတာ နည်းလား၊ မုန်တိုင်းတိုက်လို့ အိမ်ပြိုသွားမယ်ဆိုရင်တောင် မြေကြီးနေရာ ကျန်သေးတယ်၊ သာကေတလိုနေရာ ဆိုပေမဲ့

mgyoe.com

mgyoe.com


မြေတန်ဖိုးက သေးတယ် အောက်မေ့လို့လား၊ ငါတို့ရဲ့ မြေပေါ်မှာ ငါတို့ပိုင်တဲ့ သရက်ပင်နှစ်ပင် ရှိတယ် ... အုန်းတစ်ပင် ရှိတယ်... ပိတောက်တစ်ပင် ရှိတယ်"

အစ်မက မိန်းမသားလည်း ဖြစ်ပြန်၊ ကလေးနှစ်ယောက် မိခင် တစ်ခုလပ်မလေးလည်း ဖြစ်ပြန်၊ အားတင်းစရာ ကျောထောက်နောက်ခံ ဆွေဂုဏ်မျိုးဂုဏ်လည်း မရှိပြန်၊ ပစ္စည်းဥစ္စာကလည်း ချို့တဲ့ပြန်ဆို တော့ အလိုလိုနေရင်း အားငယ်နေတတ်သည်။ အစ်မကို ကြံဖန် အားပေးရင်း ကျားကလေးက သူ့ကိုယ်သူ ပြန်အားတင်းနေမိသည်။

"နောက်ဖေးမှာလည်း ပိန္နဲပင်တစ်ပင် ရှိတယ်"

"တစ်ပင်မဟုတ်ဘူး၊ နှစ်ပင်၊ တစ်ပင်က နောက်ဘက် ခြံထောင့် မှာ ငယ်ငယ်ကလေး"

သမ္ပုဒ္ဒေရွှတ်ပြီးသွားလို့လား မသိ၊ ကလေးနှစ်ယောက်ဆီကပါ အသံထွက်လာသည်။

"မြောင်းဟိုဘက်မှာလည်း ပုန်းညက်ပင်ကြီး ရှိသေးတယ်"

"ပွင့်တောင် ပွင့်တော့မယ်"

"အဲဒီအပင်တွေလဲပြီး အိမ်ပေါ်ပိရင်တော့ ဒုက္ခပါပဲ ဖားကလေး ရယ်... ငါ ကြောက်လိုက်တာ"

အစ်မက သူ့ကို ဖားကလေးဟု ခေါ်လိုက်တော့ စိတ်တွေ ပူပန် ညှိုးနွမ်းနေသည့်ကြားထဲမှ ခပ်ရေးရေးလေး ပြုံးလိုက်မိသည်။ ထို အမည်သည် သူ၏ ငယ်နာမည်ဖြစ်သည်။ သူ့ကို 'ဖားကလေး'ဟု စ၍ ခေါ်ခဲ့သူမှာလည်း အဖေဖြစ်လေသည်။

လူ့ပြည် လူ့လောက လူတို့ရွာမှ ကွယ်လွန်ပျောက်ကွယ်သွားခဲ့ ပြီဖြစ်သော အဖေသည် သူ အသက်ရှင်စဉ်ကာလက အလွန်သွေးဆူ လှုပ်ရှားတတ်သူတစ်ဦးဖြစ်သည်ဟု အမေက ပြောပြခဲ့သည်။ လွန်ခဲ့

mgyoe.com

mgyoe.com


သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော်ကလည်း သူအလုပ်လုပ်ရာ သစ်အချောထည်စက်ရုံမှ အလုပ်ပြုတ်လာဖူးသည်။ ပြုတ်ရခြင်းအကြောင်းရင်းကတော့ ရာထူးအကြီးဆုံးဖြစ်သူ မန်နေဂျာနှင့် ဖက်ပြိုင်ရန်ဖြစ်ခဲ့သောကြောင့် ဖြစ်လေသည်။

ထိုနေ့ ထိုအချိန်က သူ့ကို မွေးဖွားခဲ့ခြင်းဖြစ်လေသည်။ အိမ်ပြန်ရောက်လာသော အဖေက အမိဝမ်းမှ ကျွတ်စ၊ ပုလုကွေးလွေး၊ နီတာရဲသားကလေးကို ကြည့်ရင်း "ဖားကလေးရေ အဖေ့သား ဖားကလေးရေ" ဟု ချော့မြှူရင်း "အဖေကတော့ တုံးအောက်က ဖားကြီး၊ ငါ့သားလေးကတော့ ဖားကြီးရဲ့သား ဖားကလေး ဖားကြီးကတော့ ပြားလို့၊ ဖားကလေးကျရင်တော့ ဖောင်းစမ်းပါကွာ"ဟု ပြောနေခဲ့သေးကြောင်း အမေက ပြောပြခဲ့သည်။ ထို့နောက်တွင်လည်း "သား ကလေး"ဟု မခေါ်ဘဲ သူကိုတွေ့လေတိုင်း "ဖားကလေးရေ" "ဖားကလေးရေ" နှင့်သာ ခေါ်တတ်သည်မို့ သူ့ခမျာ အလိုလိုနေရင်း 'ဖားကလေး' ဖြစ်ခဲ့ရရှာသည်။ နှစ်သက်စရာ မကောင်းလှသော ထိုအမည်ကို ငြင်းဆန်ခွင့်မရှိဘဲ လက်ခံရရှိခဲ့ရသော်လည်း၊ သူက အဖေ့ကို စိတ်မဆိုးရက်၊ အဖေက သူ့ရင်ထဲမှ စိတ်အနာကို 'ဖားကလေး'ဟု တွင်တွင်ခေါ်ရင်း ဖြေသိမ့်နေခဲ့ဟန်ရှိသည်ဟု တွေးထင်မိသောကြောင့် ဖြစ်လေသည်။

အမေကတော့ အဖေ့ကို ဘာမှမပြောသော်လည်း အခြားသူများက လိုက်ခေါ်လျှင်တော့ ဟန့်တတ်သည်။ "ဟဲ့... ငါ့သားက ဖားမဟုတ်ဘူး။ ခေါ်ချင်ရင် ကျားကလေးလို့ခေါ်"ဟု ပြောတတ်သည်။ ထို့ကြောင့် သူငယ်ငယ်လေးတုန်းက အဖေက 'ဖားကလေး'ခေါ်လိုက်၊ အမေက 'ကျားကလေး'ခေါ်လိုက်နှင့် ကျားတစ်လှည့် ဖားတစ်လှည့် ဖြစ်နေခဲ့ရသည်။

mgyoe.com

mgyoe.com


သူ့အသက် လေးနှစ်အရွယ်ရောက်တော့ အဖေကွယ်လွန်ခဲ့သည်။ ဖားခေါ်မည့်သူ မရှိတော့၍ 'ဖားကလေး'အမည် ပျောက်ခဲ့သည်။ သို့သော် အဖေခေါ်သလို 'ဖားကလေး'ဟု တွင်တွင်လိုက်ခေါ်ခဲ့ဖူးသော အစ်မကတော့ တစ်ခါတစ်ရံ ကြုံကြိုက်လျှင် 'ဖားကလေး'ဟု ခေါ်နေဆဲပင်။ အစ်မက ဖျစ်ညှစ်တတ်သော လက်မောင်းသန်သန်ကြီးများကို လွမ်းမောတမ်းတမိတတ်စမြဲ ဖြစ်လေသည်။

"ငါ မနေ့တုန်းက ဦးအုန်းခင်ကို လှမ်းတွေ့လိုက်သေးတယ်။ ငါတို့ အကြော်တဲလေးဘေးက ကားကြီးနဲ့ ဖြတ်သွားကာ" သူ့လိုပင် အဖေ့ကို တမ်းတသတိရသွားဟန်ရှိသော အစ်မက လှမ်းပြောသည်။ တဝေါဝေါဆူညံနေသော လေသံများကြားထဲတွင် အစ်မ၏ အသံတိုးတိုးက နွမ်းလျနေသည်။

"အမေတို့ကိုတော့ လှမ်းကြည့်သွားတာပဲ၊ မှတ်မိပုံတော့ မရပါဘူး သားရယ်" အမေကပါ ဝင်ပြောသည်။ အမေ့စကားပင် မဆုံးတတ်သေး၊ တကျွိကျွိ တကျိုကျို မြည်နေသော ခေါင်မိုးသွပ်ပြားများဆီမှ ဂျိုးဂျိုးဂွမ်းဂွမ်း အသံတွေ ဆူညံလာသည်။ သံမှိုတွေ ပြုတ်ထွက်ကုန်ပြီး လေပြင်းနှင့်အတူ လွင့်ထွက်ကုန်တော့မည်ဖြစ်ကြောင်း သိလိုက်ရတော့ ရင်ထဲတွင် အမောကြီး မောသွားသည်။

"သွားပါပြီဟာ"

အစ်မ၏ မောသံနှင့်အတူ ဂျိုးဂျိုးဂွမ်းဂွမ်း အော်မြည်ရင်း လွင့်ပျံထွက်သွားဟန်ရှိသော သွပ်ပြား၏အသံကို ကြားလိုက်ရသည်။ နဂိုကတည်းက မင်းတုပ်မခိုင်သော အိမ်တံခါးက ဝုန်းခနဲ ပွင့်ထွက်သွားပြီး တဝီးဝီးအော်မြည်နေသော လေကြမ်း လေသရမ်းများက အိမ်ထဲသို့ တစ်ဟုန်ထိုး ပြေးဝင်လာသည်။ သူတို့နှင့်အတူ ကျိုးပြတ်ပဲ့ရွဲ့နေသော သစ်ရွက်များကလည်း အမောတကော အပြေးအလွှား လိုက်လာကြ

mgyoe.com

mgyoe.com


သည်။ အမေက "သမ္ဗုဒ္ဓေ ရွတ်ကြပါဟဲ့"ဟု ပြောတော့ ကလေးနှစ်ယောက်က သံပြိုင်ရွတ်ကြပြန်သည်။ အစ်မက ပွင့်သွားသော တံခါးကို အတင်းပြန်တွန်းပြီး ပိတ်နေသည်။ ကျားကလေးကတော့ အဖေ့အကြောင်း ဆက်၍ တွေးနေမိလေသည်။

အမေ့ကို ကောင်းစွာမမှတ်မိတော့သော ဦးအုန်းခင်သည် တစ်ချိန်တုန်းကတော့ အဖေနှင့် အလွန်ခင်မင်ရင်းနှီးခဲ့သူဖြစ်လေသည်။ အမေချက်သော ထမင်းဟင်းများကို အဖေနှင့်အတူ မကြာခဏ မြိန်မြိန်ရှက်ရှက် စားခဲ့ဖူးသူလည်း ဖြစ်သည်။ ဦးအုန်းခင်ပြောပြ ဟောပြသော ကမ္ဘာ့အရေး၊ မြန်မာ့အရေးများကို အဖေသာမက အမေပါ တငေးတမော နားထောင်ခဲ့ဖူးသည်။ အဖေတို့နှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်လျှင်လည်း ဒေါပါပါ မာန်ပါပါနှင့် အသံကျယ်ကျယ် ပြောတတ်သဖြင့် တခြားဝိုင်းတွေကပါ အထင်တကြီးနှင့် လှမ်းကြည့်တတ်ကြသည်။ တစ်ခါတစ်ရံလည်း ပြောရင်း ပြောရင်း အားပါလာကာ စားပွဲခုံပုပုကို လက်သီးနှင့် တဝုန်းဝုန်း ထုတတ်သည်ဟု အမေက ပြောပြဖူးသည်။ အဖေ၏ နောက်ဆုံးနေ့ရက်များတွင် အဖေ၏ ယုံကြည်မှု၊ လေးစားအားကျမှု၊ အထင်ကြီးမှု အစုစုကို ရယူပိုင်ဆိုင်ခဲ့သော ပုဂ္ဂိုလ်သည် ဦးအုန်းခင်သာလျှင် ဖြစ်သည်။

သို့သော် ထိုဦးအုန်းခင်၊ အနီ ဦးအုန်းခင်သည် အဖေသေဆုံးတော့ သတင်းမေးကလေးပင် ရောက်မလာခဲ့ပေ။ လူနည်းနည်းနှင့် ကျဲကျဲကလေးသာ ဝိုင်းခဲ့ရသော ရက်လည်ဆွမ်းသွတ်ခြင်း အမှုပြီးဆုံးသွားသောအခါတွင်ကား အဖေ၏ အရိပ်သည်လည်းကောင်း၊ အသံသည်လည်းကောင်း၊ လူ့လောကမှ တဖြည်းဖြည်း မှိန်ဖျော့ကာ ပျောက်ကွယ်သွားခဲ့လေသည်။

အစ်မပြန်တွန်းပြီး ပိတ်ထားသော တံခါးက အပြင်မှလေတိုး

mgyoe.com

သဖြင့် ကျလောက်ကျလောက် အသံမြည်ကာ လှုပ်နေသည်။ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်တော့ တံခါးကိုကျော်မှီပြီး ဖိကာထိုင်ထားသော အစ်မက "မျက်စိစူးတယ်၊ ဖားကလေးရဲ့"ဟု အော်သည်။

"သုံးနာရီတောင် ကျော်နေပြီ တစ်ရေးမှလည်း မအိပ်ဖြစ်ဘူး။ လာ... ကလေးတွေလာ၊ အိပ်စရာရှိတာအိပ်၊ လေတိုက်တာ သူ့ဟာသူ တိုက်နေလိမ့်မယ်"

အမေက ကျားကလေး၏ ပေါင်ပေါ်မှ အငယ်မလေးကို လှမ်း၍ခေါ်သည်။ ငိုက်နေပြီဖြစ်သော အကြီးကောင်လေးကလည်း သူ့အဘွားဘေးတွင် ခွေလှဲလိုက်သည်။ ကလေးများကို စောင်ခြုံပေးရင်း အမေကိုယ်တိုင်လည်း အသာလှဲအိပ်လိုက်သည်။ လက်နှိပ်ဓာတ်မီးပိတ်လိုက်တော့ ပြန်လည်မှောင်မည်းသွားသည်။ တဝေါဝေါ တဖြောင်းဖြောင်း တဂျွမ်းဂျွမ်း အသံတွေကတော့ ပိုပြီး ဆူညံလာသည်ဟုပင် ထင်ရသည်။

"လေချည်းပဲ တိုက်နေတာ ထူးဆန်းတယ်ဟ၊ မိုးမရွာဘူး"

"ရွာလာရင်လည်း ရွှံမှာပဲ၊ အမိုးတွေ ဘယ်နှချပ်လန်နေပြီလဲမှ မသိရတာ"

"သွပ်တွေတော့ ဈေးကောင်းဦးမှာပဲ"

"ဦးအုန်းခင်တစ်ယောက်တော့ ရှိရှိသမျှသွပ်တွေကို သူများထက်ဦးအောင် သိမ်းဝယ်တော့မယ်ထင်တယ်။"

"ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ"

"အစ်မကလည်း 'အ'ပါ့ဗျာ၊ အမြတ်တင်ပြီး ပြန်ရောင်းဖို့ပေါ့"

အဖေဆုံးပြီးသည့်နောက်ပိုင်းတွင် အဖေ့လို တပည့်တပန်းလျော့နည်းသွားသောကြောင့်လားတော့မသိရ၊ ဦးအုန်းခင်က လက်ဖက်ရည်ဆိုင် သိပ်မထိုင်တော့ပေ။ ထို့ကြောင့် စားပွဲပုပုလေးကိုလည်း တဝုန်း

mgyoe.com

 mgyoe.com 

ဝုန်း မထုဖြစ်တော့ပေ။ အသံကျယ်ကျယ်ကြီးလည်း အတန်ငယ် တိုးသွားသည်။ နောင်တော့လည်း တိုးရာမှ တဖြည်းဖြည်းပျောက်ကာ အငြိမ်ကြီးငြိမ်သွားသည်။ တစ်နှစ်ကျော်ကျော်လောက်နေတော့ 'ကိုယ်နဲ့ မဆိုင်တဲ့ အရေးအရာတွေကို သိလည်းမသိ၊ စိတ်လည်း မဝင်စားနိုင်ပါဘူးဗျာ၊ ကိုယ့်အလုပ်ကိုယ်လုပ်နေရတာနဲ့ အားကိုမအားနိုင်ပါဘူး'ဟု ပြောသည့်အသံကို ကြားရလေသည်။

အင်းလေ... မအားဆို သူ့ခမျာ အရက်ပုန်း ရောင်းနေရရှာတာကိုး။ ကိုယ်ရေပြားဝေဒနာသည်များ ချက်သောအရက်ကို ဈေးပေါပေါနှင့် ဝယ်ပြီး မည်သို့မည်ပုံ ထပ်ပြီး ဖြည့်စွက်ပြုပြင်လေသည်ကိုတော့ မသိရ၊ သူ၏အရက်ကို သောက်သုံးသူအပေါင်း သူတော်ကောင်းတို့က နှစ်သက်စွဲလမ်းခဲ့ကြသည်ကတော့ အမှန်ပင်။

ထို့ပြင် အပေါင်းအသင်းကလည်းကောင်း၊ အပေးအကမ်းကလည်း ရက်ရောလေတော့ သူလျှောက်သောလမ်းတွင် ခလုတ်တံသင်းတွေ ဆူးငြောင့် ဆူးနွယ်တွေ ပေါသော်လည်း သူ့ကိုတော့ ခလုတ်တွေ ဆူးတွေက မထိ မငြိခဲ့ပေ။ အကွေ့အကောက်များသော လမ်းကို ကျော်တန်လျှင်ကျော်၊ ငုံ့တန်လျှင်ငုံ့၊ ရှောင်တန်လျှင်ရှောင်၊ ကွင်းတန်လျှင်ကွင်းကာ ခပ်သုတ်သုတ် ခပ်သွက်သွက် လျှောက်ရင်း ပိုင်ဆိုင်မှုတွေ တစ်နေ့တခြား တိုးပွားပြီး လူချမ်းသာစာရင်းဝင်တစ်ဦး ဖြစ်လာခဲ့သည်။

"ဘာခွက်နဲ့ခပ်ခပ်၊ အရေးကြီးတာ ရေပါလာဖို့ပဲ"

ထိုစကားက သူပြောနေကျစကားဖြစ်သည်ဟု ကျားကလေး မှတ်သားခဲ့ရဖူးသည်။ ခွက်မျိုးစုံနှင့်ခပ်ခဲ့သော ရေများသည်လည်း သူ၏ ကန်ထဲတွင် အလျှံပယ်ဖြစ်နေပြီဖြစ်လေသည်။ အခုတော့လည်း ရပ်ကွက်ထဲတွင် သာရေးနာရေး ရှိရှိသမျှ ကိစ္စတို့တွင် အလှူငွေအများ

mgyoe.com

ဆုံး ထည့်ဝင်သူအဖြစ် ရှေ့တန်းနေရာ တစ်နေရာကို ရယူပိုင်ဆိုင်ထား ခဲ့ပြီ ဖြစ်လေသည်။

ထိုအချိန်တွင် ပို၍ ဆင်းရဲသွားကြသူများက ကျားကလေးတို့ မိသားစုဖြစ်သည်။ အသက်ဆယ့်ကိုးနှစ်နှင့် အိမ်ထောင်ကျသွားသော အစ်မက ကလေးနှစ်ယောက်ပိုက်ပြီး ပြန်ရောက်လာသည်။ အဖေထား ခဲ့သမျှ ပစ္စည်းပစ္စယလေးတွေကလည်း အိမ်ကလေးတစ်လုံးမှလွဲ၍ ဘာမှမကျန်တော့၊ ကိုးတန်းရောက်သည်အထိ ကုတ်ကုတ်ကတ်ကတ် ပိန်ပိန်လိမ်လိမ်နှင့် ကျောင်းတက်ခဲ့သေးသော ကျားကလေးလည်း ကျောင်းထွက်ခဲ့ရသည်။ အခုတော့ အမေနှင့်အစ်မက အကြော်စုံရောင်း ပြီး သူက ကြုံရာကျပန်းအလုပ် အကုန်လုပ်ကာ တညီးညီး တောက် လောင်နေသော ပါစကဝမ်းမီး မီးဖိုကြီး ငါးဖိုကို မနက်ပြန် ညပြန် မှန်မှန်ငြိမ်းသတ်နိုင်ရန် ခဲခဲခက်ခက် ကြိုးစားနေကြရလေသည်။

"သရက်သီးတွေတော့ ကုန်ပါပြီဟယ်"

ရောင်နီလေးနည်းနည်း စို့လာတော့ ခြံထဲတွင် သရက်သီးတွေ ကြဲပြန့်နေသည်ကို တွေ့ရသည်။ သရက်နှစ်ပင်လည်း အိမ်ဘက်သို့ ပိုယိုင်ပြီး လဲတော့မလို ဖြစ်နေပြီ ဖြစ်သည်။ လေတိုက်ရာဘက်သို့ အားကုန်ယိမ်းနေသော အုန်းပင်ကြီးကို ကြည့်ရသည်မှာလည်း ဖြောင်း ခနဲ ကျိုးကျသွားတော့မလို အသည်းထိတ်စရာကောင်းလှသည်။

"ငါ... သရက်သီးတွေ ဆင်းကောက်ဦးမယ်"

"မသွားနဲ့"

ကျားကလေးက သူ့အစ်မ၏ လက်ကို လှမ်းဆွဲထားသည်။

"သရက်သီးကုလားတည် လုပ်ရောင်းရင်ရတယ်ဟ တော်ကြာ သူများကောက်သွားမယ်"

"ခြံထဲဝင်မကောက်ပါဘူး အစ်မရာ၊ ဒီလောက်တောင် သွပ်တွေ

mgyoe.com